# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 13, 2020 Volume 33, Number 9


၁၃.၇.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၀၅ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၃၂၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၇၃/- ကျပ် |
| CBM Rate | = ၁၃၇၀.၁ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၄၉.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၈၅.၄၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၂၇.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၇၉.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၅၄.၃၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၅.၆၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၂၂၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၃.၉၀ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၁.၂၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၆၈၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးအတွက် ပထမဆုံး ကုန်သွယ်ရေးဇုန်တည်ဆောက်ရေး ဗဟိုကော်မတီဖွဲ့

မြန်မာ-အိန္ဒိယနယ်စပ် ကုန်သွယ်မှုအတွက် တမူးကုန်သွယ်ရေးဇုန် တည်ဆောက်ရေး ဗဟိုကော်မတီဖွဲ့စည်းလိုက်ကြောင်း ဇူလိုင် ၈ ရက်စွဲဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်စစ်ကိုင်းတိုင်းအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရန် ဖွဲ့စည်း လိုက်ခြင်းဖြစ်သည်။ ထိုကော်မတီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် စစ်ကိုင်းတိုင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးတို့က ဒုတိယ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ထားသည်။

"လောလောဆယ် အိန္ဒိယ အကူအညီနဲ့ဆောက်နေတဲ့ ယာကြီး-ကလေးဝလမ်းက ၂၀၂၁ မှပြီးမှာလေ။ ဒီလမ်းကြီးပြီးသွားရင် ဖြစ်ပေါ်လာတဲ့ ကုန်သွယ်ရေးကို မှန်းပြီးတော့ လျာထားပြီးဆောင်ရွက်နေတာပါ။ ဒီလမ်းကြီးပေါက်သွားရင် မြဝတီတို့လို၊ မူဆယ်တို့လို နယ်စပ်ကုန်သွယ်ရေးဇုန်ကြီးဖြစ်လာအောင် အခုကတည်းက ပြင်ဆင်နေတာ" ဟု စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက ပြောသည်။ ထိုကုန်သွယ်ရေးဇုန်သည် မြန်မာ-အိန္ဒိယနှစ်နိုင်ငံကြား အဓိက ကုန်သွယ်ရေးဇုန်ဖြစ်လာမည်ဟု ၎င်းကဆိုသည်။ ထိုကော်မတီတွင် တမူးနယ်စပ် ကုန်သွယ်ရေးအသင်း ဥက္ကဋ္ဌဦးလှမောင်ကို အဖွဲ့ဝင်အဖြစ်ထည့်သွင်းထားသည်။

"အခုမှစဖွဲ့တာဆိုတော့ အစည်းအဝေးတောင် မလုပ်ရသေးဘူး။ အသေးစိတ်မသိရသေးဘူး"ဟု ဦးလှမောင်ကပြောသည်။ ထိုကော်မတီသည် ဇုန်တည်ဆောက်ရေးအတွက် လိုအပ်သောပစ္စည်းကိရိယာများဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုများရယူခြင်းကို ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်ရန်၊ ဇုန်တည်ဆောက်ရေးနှင့် ကုန်သွယ်မှုဖွံ့ဖြိုးရေးအတွက် မူဝါဒများချမှတ်ပေးရန်နှင့် လုပ်ငန်းကော်မတီတစ်ခုဖွဲ့၍ မြေပြင်တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရန်စသည်တို့ကိုဆောင်ရွက်ပေးရမည်ဖြစ်သည်။

တမူးနယ်စပ်ကုန်သွယ်ရေးစခန်းသည် မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးစခန်း သုံးခုအနက်အကြီးဆုံး နယ်စပ်ကုန်သွယ်ရေးစခန်းဖြစ်သည်။ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှု ဒေါ်လာ ၉၆ သန်းကျော်ဖိုးရှိပြီး မြန်မာဘက်ကပို့ကုန်သည် ဒေါ်လာ ၉၅ သန်းဖိုးရှိသည်။

**Source:** https://7day.news/detail?id=191971

## CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## တနင်္သာရီတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၁၁၅ သန်းတန်ဖိုးရှိသည့် ပုစွန်မွေးမြူ အေးခဲ၊ တင်ပို့ရောင်းချခြင်းလုပ်ငန်းတစ်ခု MIC ခွင့်ပြု

တနင်္သာရီတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁၁၅ သန်းတန်ဖိုးရှိ ပုစွန်မွေးမြူ အေးခဲ၊ တင်ပို့ရောင်းချခြင်း လုပ်ငန်းတစ်ခု ခွင့်ပြုပေးခဲ့ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) မှသိရသည်။ ဇူလိုင် ၁၀ ရက်က ပြုလုပ်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၉/ ၂၀၂၀) အစည်းအဝေးတွင် ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေးတွင် ခွင့်ပြုပေးခဲ့သည့်လုပ်ငန်းများအနက် တနင်္သာရီတိုင်းဒေသကြီးတွင် ရင်းနှီးမြှုပ်နှံမည့် ဒေါ်လာ ၁၁၅ သန်းတန်ဖိုးရှိပြီး လုပ်သားအင်အား ၁၀၀၀ ကျော်အား အလုပ်အကိုင်ဖန်တီးပေးနိုင်မည့် ပုစွန်မွေးမြူ အေးခဲ၊ တင်ပို့ရောင်းချခြင်း လုပ်ငန်းတစ်ခုပါဝင်ကြောင်း ထုတ်ပြန်ထားသည်။ ပြည်တွင်း၌ မွေးမြူရေးစွမ်းအားများကို တိုးတက်လာအောင် ဆောင်ရွက်နိုင်မည်ဆိုပါက မကြာမီကာလအတွင်း ရေထွက်ကုန်တင်ပို့မှုသည် တစ်နှစ်လျှင် ဒေါ်လာတစ်ဘီလျံအထိ တိုးတက်ရရှိနိုင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။ “ပြည်တွင်းမှာလည်း မွေးမြူရေးစွမ်းအားတွေကို တိုးတက်လာအောင် ဆောင်ရွက်နိုင်မယ်ဆိုရင် မကြာခင်ကာလမှာ ဒေါ်လာတစ်ဘီလျံလောက်အထိကို တင်ပို့နိုင်မယ့် အနေအထားဖြစ်ပါတယ်” ဟု ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။

ပြီးခဲ့သည့် အစိုးရ စတုတ္ထတစ်နှစ်တာကာလအတွင်း ပြည်ပသို့ ငါး၊ ပုစွန် ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှ ဝင်ငွေဒေါ်လာသန်း ၇၃၀ ကျော် ရရှိထားသည်။ “ရေထွက်ပစ္စည်းပေါ့။ အဲဒီမှာရေချိုငါးမွေးမြူရေးနဲ့ ရေငန်ငါးမွေးမြူရေးတွေမှာ တိုးတက်လာခဲ့တာကြောင့်မို့ ငါးမွေးမြူရေးပို့ကုန်ကနေမှ ရေထွက်ပစ္စည်းပို့ကုန်ကနေမှ ပြီးခဲ့တဲ့နှစ်က ဒေါ်လာ ၇၃၂ သန်းလောက် တင်ပို့နိုင်ခဲ့ပါတယ်” ဟု ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။ လက်ရှိဘဏ္ဍာနှစ် ကိုးလနီးပါးတွင် ရေထွက်ကုန်တင်ပို့မှုမှ ဒေါ်လာသန်း ၇၀၀ ကျော်ရရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁၀၅ သန်း ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှသိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုမှ ဒေါ်လာ ၇၀၃ ဒသမ ၇၂၈ သန်း ရရှိထားသည်။ ယခင်နှစ်ကာလတူတွင်မူ ဒေါ်လာ ၅၉၈ ဒသမ ၇၀၃ သန်း ရရှိထားသည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် ကိုးလနီးပါးတွင် ပြည်ပသို့ရေထွက်ကုန်တင်ပို့မှုသည် ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁၀၅ သန်း ပိုမို ရရှိထားခြင်းဖြစ်သည်။

လက်ရှိမြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ငါး၊ ပုစွန်အပါအဝင် ရေထွက်ကုန်ပစ္စည်း တင်ပို့နေသည့်ပမာဏ က အိမ်နီးချင်းနိုင်ငံများ၏ တင်ပို့မှုပမာဏကိုမီရန် အဆပေါင်းများစွာလိုအပ်နေသေးကြောင်း၊ ထို့ကြောင့် တင်ပို့မှုပမာဏကို မြင့်တင်ရာတွင် သဘာဝဖမ်းဆီးရောင်းချခြင်းထက် မွေးမြူရေးစနစ်များ ကောင်းမွန်အောင်ဆောင်ရွက်၍ တင်ပို့သင့်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှသိရသည်။ အစိုးရသစ်လက်တွင် ရင်းနှီးမြှုပ်နှံမှုများခွင့်ပြုပေးရာတွင် နိုင်ငံ၏သယံဇာတအရင်းအမြစ်များကို ထုတ်ယူသုံးစွဲသောကဏ္ဍများထက် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုဖန်တီးပေးနိုင်ရေး၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေး၊ သွင်းကုန်အစားထိုးထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးစသည့် လုပ်ငန်းအမျိုးအစားများကို ဦးစားပေးခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသည် ဝင်ငွေအလယ်အလတ်အဆင့်ရှိသည့် နိုင်ငံဖြစ်လာစေရန် ရည်ရွယ်၍ နှစ် ၂၀ ကြာဆောင်ရွက်မည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်းအား အကောင်အထည် ဖော်လျက်ရှိပြီဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်းကို ကာလတိုငါးနှစ် (၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၀-၂၀၂၁ အထိ)၊ ကာလလတ်ငါးနှစ် (၂၀၂၁-၂၀၂၂ ခုနှစ်မှ-၂၀၂၅- ၂၀၂၆ အထိ)၊ ကာလရှည် ၁၀ နှစ် (၂၀၂၆- ၂၀၂၇ ခုနှစ်မှ ၂၀၃၅-၂၀၃၆ အထိ) အသီးသီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/182367

## မြန်မာနှင့်အိန္ဒိယမှ တိရစ္ဆာန်နှင့်အသားတင်သွင်းမှုတားမြစ်ပေးရန် ဘင်္ဂလားဒေ့ရှ် အသားကုန်သည်များတောင်းဆို

ပြည်တွင်းမွေးမြူရေးလုပ်ငန်းများအကျိုးအတွက် မြန်မာနိုင်ငံနှင့်အိန္ဒိယမှ ကျွဲများ၊ နွားများနှင့် အသားများတင်သွင်းမှုကို တားမြစ်ရန် အပါအဝင် အချက်ငါးချက်ပါသော တောင်းဆိုမှုတစ်ရပ်ကို ဘင်္ဂလားဒေ့ရှ် အသားကုန်သည်များက အစိုးရထံသို့

စနေနေ့က တင်ပြတောင်းဆိုခဲ့သည်။ ဘင်္ဂလားဒေ့ရှ် အသားကုန်သည်များ အဖွဲ့အစည်း (BMTA) နှင့် ဒါကာမြို့ပြ အသားကုန်သည်များအဖွဲ့အစည်းတို့က ပူးပေါင်း၍ မြို့တော်ဒါကာတွင် ယင်းအစီအစဉ်ကို ဦးဆောင်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့၏ အခြားသောတောင်းဆိုမှုများတွင် ဂက်ဘ်တာလီ ကျွဲ၊ နွားဈေးတွင် အပိုအခကြေးငွေ ကောက်ခံနေမှုရပ်တန့်ရေး၊ သားရေလုပ်ငန်းဖွံ့ဖြိုးရေး၊ ပြည်ပသို့တင်ပို့ရေး၊ ပြည်ပသို့တင်ပို့နိုင်လောက်သော အရည်အသွေးများထွက်ပေါ်လာရေး အသားထုတ်လုပ်ရေး အလုပ်သမားများကို လေ့ကျင့်သင်ကြားပေးရေးတို့အတွက် အဓိကအတားအဆီးများဖြစ်သော စွန့်ပစ်ပစ္စည်းနှင့်ရေသန့်စင်ရေးစက်ရုံ ပြီးမြောက်အောင်ဆောက်ပေးရေးတို့ပါဝင်သည်။

မြန်မာနှင့်အိန္ဒိယတို့သည် တရားမဝင်ကျွဲ၊ နွားမှောင်ခိုကူးမှုမှတစ်ဆင့် နှစ်စဉ်တာကာငွေ သန်းသိန်းနှင့်ချီ၍ရရှိနေကြောင်း BMTA ဥက္ကဋ္ဌ ဖာရစ်အာမတ်က ပြောကြားသည်။ ဘင်္ဂလားဒေ့ရှ်သည် တိရစ္ဆာန်ထွက်ပစ္စည်းအမျိုးမျိုးပြည်ပသို့ ပို့ဆောင်ခြင်းမှ တာကာငွေ ၈၀,၀၀၀ ခန့်ရရှိနိုင်ပြီး အစိုးရက မွေးမြူရေးလုပ်ငန်းများအတွက် ချေးငွေများ ပိုပေးသင့်ကြောင်း ၎င်းက ပြောကြားသည်။ မြန်မာနှင့်အိန္ဒိယမှ တရားမဝင် ဝင်ရောက်လာသော တိရစ္ဆာန်များနှင့်အသားများကြောင့် ဘင်္ဂလားဒေ့ရှ်ပြည်တွင်းအသားဈေးကွက်အတွက် များစွာနစ်နာနေရကြောင်း အသားကုန်သည်များက ပြောကြားသည်။

**Source:** https://7day.news/detail?id=192069

## ပြည်တွင်းအိမ်ခြံမြေဈေးကွက် ကိုဗစ်ဈေးနှုန်းဟုဆိုကာ ဈေးနှိမ်ဝယ်ယူမှုပုံစံဖြစ်လာဟုဆို

ကမ္ဘာ့ကပ်ရောဂါကာလအတွင်း ပြည်တွင်းအိမ်ခြံမြေဈေးကွက်တွင် COVID-19 ဈေးနှုန်းဟုဆိုကာ ဈေးနှိမ်ဝယ်ယူသည့်ပုံစံမျိုးဖြစ်လာသည်ဟု အိမ်ခြံမြေ အကျိုးဆောင်အချို့ကပြောသည်။ စီးပွားရေးအကျပ်အတည်းများကြောင့် ငွေဖော်လိုသူများပြီး အိမ်မြေရောင်းလိုသူများခြင်းကြောင့် ဈေးနှိမ်ဝယ်ယူလိုသူများကြောင်း မြန်မာနိုင်ငံ အိမ်ခြံမြေ ဝန်ဆောင်မှုအသင်း ဒုတိယဥက္ကဋ္ဌဦးသန်းဦးကပြောသည်။ "တော်တော်ဈေးနှိမ်ကြတယ်။ ခေါ်ဈေးထက် ထက်ဝက်လောက်ကို ဈေးစစ်ဝယ်ကြတာမျိုးလည်း ရှိတယ်"ဟု ဦးသန်းဦးကပြောသည်။

အိမ်ခြံမြေ အရောင်းအဝယ်ဈေးကွက်တွင် ကျပ်သိန်း ၁,၀၀၀တန် ခြံမြေကွက်ကို ကျပ်သိန်း၅၀၀ အထိ ဈေးနှိမ်ဝယ်ယူမှုများရှိနေသည်ဟု ၎င်းကဆိုသည်။ ပြည်တွင်းစီးပွားရေးအခြေအနေအရ ငွေလိုအပ်သူများလည်း ယခုကာလအတွင်း ပြန်လည်ရောင်းချမှုများရှိသည်ဟုလည်း ဦးသန်းဦးကပြောသည်။ ထို့အပြင် တိုက်ခန်းဈေးနှုန်းများသည်လည်း ကပ်ရောဂါကာလအတွင်း ၁၀ ရာခိုင်နှုန်းကျော် ဈေးနှုန်းကျဆင်းသည်ဟု အိမ်ခြံမြေအကျိုးဆောင်အချို့ကပြောသည်။ ဒေါပုံ၊ သာကေတမြို့နယ်များတွင် ယခင် ကျပ်သိန်း ၂၅၀ခန့်ဈေးခေါ်သည့် တိုက်ခန်းများက လက်ရှိအချိန်တွင် ကျပ်သိန်း ၂၂၀ ဝန်းကျင်သို့ ဈေးနှုန်းလျော့ ပြီးဈေးဖွင့်သည်ဟု ဆိုသည်။ "COVID ကာလမှာ အိမ်ခြံမြေနဲ့တိုက်ခန်းအရောင်းအဝယ်လောက်က ရပ်ဆိုင်းလုနီးပါးဖြစ်သွားတယ်"ဟု iMyanmar House.com မှ အုပ်ချုပ်မှု ဒါရိုက်တာဦးနေမင်းသူကပြောသည်။

လက်ရှိ ပြည်တွင်း၌ COVID-19 ရောဂါ အနည်းငယ်တည်ငြိမ်လာခြင်းကြောင့် မေလကုန်ပိုင်းမှစတင်ပြီး အိမ်ခြံမြေဈေးကွက်၌ အရောင်းအဝယ်အနည်းငယ် ပြန်လည်ဖြစ်လာသည်ဟုဆိုသည်။ အိမ်ငှားဈေးကွက်တွင်လည်း ဈေးလျှော့ငှားရမ်းမှုများရှိလာသည်ဟု အိမ်ခြံမြေအကျိုးဆောင်အချို့ကပြောသည်။

**Source:** https://7day.news/detail?id=192001

## လက်ရှိဘဏ္ဍာနှစ် ကိုးလအတွင်း ခဲမဖြူနှင့်အဖြိုက်နက်ဖက်စပ်လုပ်ကွက်များမှ သတ္တုတန်ချိန် ၄၈၂ တန်ကျော် ထုတ်လုပ်ထားပြီး တနင်္သာရီတိုင်းဒေသကြီးမှ ၃၅၉ တန်ကျော်ဖြင့် အများဆုံးဖြစ်ကာ ကယားပြည်နယ်မှ ၁၂၂ တန်ကျော်ထုတ်လုပ်

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာမှ ဇွန်လကုန်အထိ ကိုးလအတွင်း ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ခဲမဖြူနှင့်အဖြိုက်နက် ဖက်စပ်လုပ်ကွက်များမှ သတ္တုတန်ချိန် ၄၈၂ တန်ကျော်ထုတ်လုပ်ထားပြီး တနင်္သာရီတိုင်းဒေသကြီးမှ ၃၅၉ တန်ကျော်ဖြင့် အများဆုံးဖြစ်ကာ ကယားပြည်နယ်မှ ၁၂၂ တန်ကျော် ထုတ်လုပ်ထားကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှသိရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ခဲမဖြူနှင့်အဖြိုက်နက်ထုတ်လုပ်မှုတွင် ကယားပြည်နယ်၌ ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း ၁၈ ဒသမ ၂၈၉ တန်၊ နိုဝင်ဘာတွင် ၂၀ ဒသမ ၃၂၀၀ တန်၊ ဒီဇင်ဘာ၌ ၂၁ ဒသမ ၃၃၇၀ တန်၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် ၂၃ ဒသမ ၃၆၉၀ တန်၊ ဖေဖော်ဝါရီတွင် ၂၁ ဒသမ ၃၃၇ တန်နှင့် မတ်တွင် ၁၈ ဒသမ ဒသမ ၂၈၉၀ တန် ထုတ်လုပ်ခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ၂၀၁၉ ခုနှစ် အောက်တိုဘာတွင် ၁၀ တန်၊ နိုဝင်ဘာတွင် ၄၅ ဒသမ ၈၂၂၁ တန်၊ ဒီဇင်ဘာတွင် ၃၆ ဒသမ ၁၇၄၀ တန်နှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် ၃၃ တန်၊ ဖေဖော်ဝါရီတွင် ၄၅ ဒသမ ၇၁၄၀ တန်နှင့် မတ်တွင် ၅၅ တန်နှင့် ဧပြီတွင် ၂၈ တန်၊ မေတွင် ၇၅ တန်နှင့် ဇွန်တွင် ၃၁ တန် ထုတ်လုပ်ထားကြောင်း သိရသည်။ လအလိုက် ထုတ်လုပ်မှုအနေဖြင့် ၂၀၁၉ ခုနှစ် အောက်တိုဘာတွင် ၂၈ ဒသမ ၂၈၉၀ တန်၊ နိုဝင်ဘာတွင် ၆၆ ဒသမ ၁၄၂၀ တန်၊ ဒီဇင်ဘာတွင် ၅၇ ဒသမ ၄၁၁၀ တန်၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် ၅၆ ဒသမ ၃၆၉၀ တန်၊ ဖေဖော်ဝါရီတွင် ၆၇ ဒသမ ၁၅၁၀ တန်၊ မတ်တွင် ၇၃ ဒသမ ၂၈၉၀ တန်နှင့် ဧပြီတွင် ၂၈ တန်၊ မေတွင် ၇၅ တန်နှင့် ဇွန်တွင် ၃၁ တန် ထုတ်လုပ်ထားကြောင်း သိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရှစ်လအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ရွှေသတ္တုဖက်စပ်လုပ်ကွက်များမှ သတ္တုထုတ်လုပ်မှု ထရိုင်အောင်စ ၄၆၇၄ ဒသမ ၅၇၈ ရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးမှ ထရိုင်အောင်စ ၃၇၇၁ ဒသမ ၉၉ အထိ ထုတ်လုပ်ထားကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သိရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ရွှေသတ္တုဖက်စပ်လုပ်ကွက်များမှ သတ္တုထုတ်လုပ်မှုတွင် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ရွှေသတ္တုဖက်စပ်လုပ်ကွက်များမှ ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း ၅၈၅ ဒသမ ၃၈ ထရိုင်အောင်စ၊ နိုဝင်ဘာလ အတွင်း ၅၂ ဒသမ ၄၄ ထရိုင်အောင်စ၊ ဒီဇင်ဘာလအတွင်း ၄၆၁ ဒသမ ၉၆၀ ထရိုင်အောင်စ၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် ၄၂၇ ဒသမ ၈၇၀ ထရိုင်အောင်စ၊ ဖေဖော်ဝါရီတွင် ၅၀၆ ဒသမ ၆၄၀ ထရိုင်အောင်စ၊ မတ်တွင် ၆၁၃ ဒသမ ၃၄၀ ထရိုင်အောင်စ၊ ဧပြီတွင် ၅၆၂ ဒသမ ၆၆၀ ထရိုင်အောင်စ၊ မေတွင် ၅၆၁ ဒသမ ၇၀၀ ထရိုင်အောင်စ ထုတ်လုပ်ခဲ့သည်။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရွှေသတ္တုဖက်စပ်လုပ်ကွက်များမှ သတ္တုထုတ်လုပ်မှုတွင် ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း ၈၆ ဒသမ ၅၅ ထရိုင်အောင်စ၊ နိုဝင်ဘာလအတွင်း ၉၈ ဒသမ ၄၂ ထရိုင်အောင်စ၊ ဒီဇင်ဘာလအတွင်း ၁၂၃ ဒသမ ၁၈၀ ထရိုင်အောင်စနှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း ၄၂ ဒသမ ၇၄၀ ထရိုင်အောင်စ၊ မတ်တွင် ၃၆၉ ဒသမ ၈၅၀ ထရိုင်အောင်စ၊ မေတွင် ၁၀၀ ဒသမ ၈၆၀ ထရိုင်အောင်စ ထုတ်လုပ်ခဲ့ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၁၉ ခုနှစ် နိုဝင်ဘာလကုန်အထိ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အသေးစား၊ အလတ်စား၊ အကြီးစားနှင့် လက်လုပ်လက်စား အပါအဝင် စမ်းသပ်ကျောက်မျက်လုပ်ကွက် ၁၂၅၀ ကျော် ခွင့်ပြုမိန့် ထုတ်ပေးထားကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သိရသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ကျောက်မျက်လုပ်ကွက် ထုတ်ပေးထားမှုအခြေအနေကို လေ့လာကြည့်ပါက ကချင်ပြည်နယ်တွင် အကြီးစားလုပ်ကွက် လေးကွက်၊ အသေးစား ၈၂ ကွက်၊ စမ်းသပ် ၂၅ ကွက်ဖြင့် စုစုပေါင်း ၁၁၂ ကွက်၊ ကယားပြည်နယ်တွင် အကြီးစားလုပ်ကွက် တစ်ကွက်၊ အသေးစားတစ်ကွက်၊ စမ်းသပ် ၁၅ ကွက်ဖြင့် စုစုပေါင်း ၁၈ ကွက်၊ ကရင်ပြည်နယ်တွင် အကြီးစားလုပ်ကွက်ခြောက်ကွက်၊ အသေးစား ၃၇ ကွက်၊ စမ်းသပ်နှစ်ကွက်ဖြင့် စုစုပေါင်း ၄၆ ကွက်၊ ချင်းပြည်နယ်တွင် စမ်းသပ် ၂၅ ကွက်ဖြင့် စုစုပေါင်း လေးကွက်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် အကြီးစားလုပ်ကွက် ၂၄ ကွက်၊ အသေးစား ၁၆၅ ကွက်၊ စမ်းသပ် ၁၄ ကွက်ဖြင့် စုစုပေါင်း ၂၂၉ ကွက်၊ တနင်္သာရီတိုင်းဒေသကြီး၌ အကြီးစားလုပ်ကွက် ၁၈ ကွက်၊ အသေးစား ၄၅ ကွက်၊ စမ်းသပ် ၁၉ ကွက်ဖြင့် စုစုပေါင်း ၈၈ ကွက်၊ နေပြည်တော်တွင် အကြီးစားလုပ်ကွက် သုံးကွက် ခွင့်ပြုမိန့်ထုတ်ပေးထားကြောင်းသိရသည်။

**Source:** https://news-eleven.com/article/182360

## ဒေါ်လာဈေးကျဆင်းခြင်း၊ ပြည်ပတင်ပို့မှု၌ ဈေးကောင်းမရရှိခြင်းတို့ကြောင့် လက်ရှိတွင် ပြည်တွင်းဆန်ဈေးကွက်အတွင်း အရောင်းအဝယ်အေးနေကြောင်း ဘုရင့်နောင်ဆန်ကုန်စည်ဒိုင် တာဝန်ရှိသူပြောကြား

ဒေါ်လာဈေး ကျဆင်းခြင်း၊ ပြည်ပတင်ပို့မှု၌ ဈေးကောင်းမရရှိခြင်းတို့ကြောင့် လက်ရှိတွင် ပြည်တွင်းဆန်ဈေးကွက်အတွင်း အရောင်းအဝယ်အေးနေကြောင်း ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်မှ အတွင်းရေးမှူး ဦးသန်းဦးက ပြောကြားသည်။

" လောလောဆယ်တော့ ဆန်ဈေးက အေးအေးမှန်မှန်ပဲ။ နိုင်ငံတကာဈေးက ဈေးမပေးတော့ ငွေဈေးကလည်း ကျ၊ ဒေါ်လာဈေးက ကျ၊ နိုင်ငံခြားကို ရောင်းတဲ့ဈေးကလည်း မကောင်းတော့ ဈေးမပေးနိုင်ဘူး။ ဒီတော့ လက်ရှိပြည်တွင်းမှာ စပါးသိုလှောင်ထားတဲ့သူတွေက ဈေးအမြင့်တစ်ခုကို ရောက်ပြီးမှ ပြန်ချဝယ်တဲ့ဈေးဆိုတော့ ရောင်းတဲ့သူကလည်း အာရုံမကျဘူး။ ရောင်းတဲ့သူက ဒီဈေးကို မရောင်းချင်ဘူး။ ဝယ်တဲ့သူကလည်း ဒီဈေးကိုမဝယ်နိုင်ဘူး။ ဒီကာလက အရောင်းအဝယ်အေးတဲ့ ကာလဖြစ်နေတယ်" ဟု ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်၊ အတွင်းရေးမှူး ဦးသန်းဦးက ပြောကြားသည်။

ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သည့် အာရှနိုင်ငံများ၏ FOB ဆန်ဈေးနှုန်းများ နှိုင်းယှဉ်ကြည့်ပါက ဆန်ဖြူ ၅ မှတ်ဆန်အမျိုးအစား တစ်တန်သည် ထိုင်းတွင် ဒေါ်လာ ၅၂၀၊ ဗီယက်နမ်တွင် ဒေါ်လာ ၄၆၃၊ အိန္ဒိယတွင် ဒေါ်လာ ၃၆၀၊ ပါကစ္စတန်တွင် ဒေါ်လာ ၄၃၀၊ မြန်မာတွင် ဒေါ်လာ ၄၄၀ စသည်ဖြင့် ဈေးနှုန်း အသီးသီးရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

ဆန်ဖြူ ၂၅ မှတ်ဆန်အမျိုးစား တစ်တန်သည် ထိုင်းတွင် ဒေါ်လာ ၅၀၆၊ ဗီယက်နမ်တွင် ဒေါ်လာ ၄၄၀၊ အိန္ဒိယတွင် ဒေါ်လာ ၃၃၀၊ ပါကစ္စတန်တွင် ဒေါ်လာ ၃၀၀၊ မြန်မာတွင် ဒေါ်လာ ၃၉၅ ရှိကြောင်း သိရသည်။

လက်ရှိတွင် ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်သို့ ပွင့်ဖြူမြို့နယ်ဘက်မှ ရတနာတိုး ဆန်အမျိုးအစားများ အဓိက ဝင်ရောက်လျက်ရှိပြီး တစ်အိတ်လျှင် ကျပ် ၁၉၀၀၀ မှ ၂၂၀၀၀ ကြား ရှိကြောင်း ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်မှ သိရသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်၌ လက်ရှိတွင် ရတနာတိုးဆန်တစ်အိတ်လျှင် ကျပ်၁၉၀၀၀ မှ ၂၂၀၀၀ ကြား၊ ညှော်မထတစ်အိတ်လျှင် ကျပ် ၂၀၀၀၀ မှ ၂၁၀၀၀ ကြား၊ ဆန်ကွဲတစ်အိတ်လျှင် ကျပ် ၁၆၀၀၀ မှ ၁၈၀၀၀ ကြားအထိ ရှိကြောင်း ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်မှ သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတန်ချိန် ၂ ဒသမ ၁၂၉ သန်း တင်ပို့ထားပြီး ဝင်ငွေဒေါ်လာ ၆၃၅ ဒသမ ၃၁၅ သန်းရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်ထားသည်။ အဆိုပါကာလအတွင်း ဆန်တင်ပို့မှု တန်ချိန် ၁ ဒသမ ၃၅၉ သန်းကျော်ရှိပြီး ဝင်ငွေဒေါ်လာသန်း ၄၃၀ ကျော်ရရှိထားသည်။ ဆန်ကွဲတင်ပို့မှု တန်ချိန် ခုနစ်သိန်း ခုနစ်သောင်းနီးပါးရှိပြီး ဝင်ငွေဒေါ်လာသန်း ၂၀၀ ကျော် ရရှိထားသည်။

လက်ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတန်ချိန် နှစ်သန်းခွဲခန့်အထိ တင်ပို့နိုင်မည့် အခြေအနေရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားထားသည်။" တစ်နှစ်ကို ဆန်တန်ချိန် နှစ်သန်းအထက်တင်ပို့နိုင်ခဲ့ပြီး ဒီနှစ်မှာ ၂ ဒသမ ၅ သန်းလောက်အထိ တင်ပို့နိုင်မယ့် အနေအထား ဖြစ်ပါတယ်" ဟု ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လမှစတင်၍ ကုမ္ပဏီများ၏ ဆန်ပြည်ပတင်ပို့မှုအပေါ် ပမာဏ ကန့်သတ်ထားခြင်းစနစ်အား ပယ်ဖျက်သွားမည်ဖြစ်သည့်အပြင် နိုင်ငံတော်ရိက္ခာအရန်ဆန် ၁၀ ရာခိုင်နှုန်း ပေးသွင်းခြင်းအား ပို့ကုန်ပမာဏ၏ ၅ ရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်ထားသည်။

**Source:** https://news-eleven.com/article/182357

## ကျောက်ပန်းတောင်းတွင် အိန္ဒိယဒန့်သလွန်မျိုး စမ်းသပ်အောင်မြင်

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှာ အိန္ဒိယဒန့်သလွန်မျိုးကို စမ်းသပ်စိုက်ပျိုးရာမှာ အောင်မြင်လျက်ရှိနေကြောင်း ကန်ပတ်လည်အုပ်စု လဲဂွကျေးရွာနေ တောင်သူ ဦးတင်ထွန်းအောင်ကဆိုပါတယ်။ အိန္ဒိယဒန့်သလွန်မျိုးမှာ အသီး၊ အရွက်ကိုင်းတို့ကို ကုန်ကြမ်းမှတစ်ဆင့် အဆင့်မြင့်ကုန်ချောထုတ်လုပ်ကာ ဂျပန်၊ စင်္ကာပူ၊ အိန္ဒိယနိုင်ငံများသို့ ရောင်းချရရှိပါတယ်။ ပြည်ပနိုင်ငံတွေက ဝယ်လိုအားများနေပေမယ့် ပြည်တွင်းမှာ စိုက်ပျိုးထုတ်လုပ်မှု နည်းနေသေးပြီး

အသီးအတောင့်အနေဖြင့်သာ ရောင်းချမှုများပြားနေပါတယ်။ ဈေးနှုန်းအနေနဲ့ တစ်တောင့်ကို ၂၀၀ ကျပ်အထက် ရောင်းချရရှိနေပြီး မြန်မာပြည်တွင်းရှိ မြို့ကြီးများသို့ တင်ပို့ရောင်းချနေတယ်လို့သိရပါတယ်။

မြန်မာနိုင်ငံအတွင်း အိန္ဒိယဒန့်သလွန် စိုက်ပျိုးမှုအနေနဲ့ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ ပခုက္ကူ(မြစ်ခြေ)၊ ဝမ်းတွင်းမြို့နယ်နဲ့ ကျောက်ပန်းတောင်းမြို့နယ်တွေမှာ စိုက်ပျိုးမှုများပြားနေပါတယ်။ မျိုးအနေနဲ့ရေစကြိုမြို့နယ်အတွင်း အိန္ဒိယဒန့်သလွန်မျိုးတွေကို အပင်ကြီးတစ်ပင် (၂,၅၀၀) ကျပ်ဖြင့်ရောင်းပေးနေပြီး အပင်ပေါက်တစ်ပင် (၅၀၀) ကျပ်ဖြင့် ရောင်းချပေးနေတယ်လို့ သိရှိရပါတယ်။

**Source:** https://www.facebook.com/pissayainfo/?ref=py_c

## ပြီးခဲ့တဲ့နှစ်က နမ်းဈေးအမြင့်ဆုံးစံချိန်တင်ခဲ့ပေမယ့် ဒီနှစ်သုံးသောင်းကျပ်ခန့်ဈေးကျနေ

နမ်းဈေးက ပြီးခဲ့တဲ့နှစ်မှာ ၃ တင်းဝင်တစ်အိပ်ကို ၁၇၀,၀၀၀ကျပ်အထိ စံချိန်တင်ဈေးရှိခဲ့ပေမယ့် ဒီနှစ်မှာတော့ ၃၀၀၀၀ ကျပ်ဝန်းကျင်အထိ ဈေးကျသွားတယ်လို့ မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (ပဲကုန်စည်ဒိုင်) ထံက သိရပါတယ်။ ပဲကုန်စည်ဒိုင်ရဲ့ဒုဥက္ကဋ္ဌဖြစ်သူ ဦးချွန်က " ဒီနှစ်က ပြည်တွင်းမှာ နမ်းထွက်တာများတယ်။ ပြီးတော့ နမ်းထွက်တဲ့အချိန်မှာ ကိုဗစ်လည်းဖြစ်လိုက်တော့ သယ်ယူပို့ဆောင်တာ ခက်ခဲတာတွေနဲ့ ဈေးကသိပ်မဖြစ်ဘူး။ ပြီးခဲ့တဲ့နှစ်နဲ့ ယှဉ်ရင်တော့ ဈေးကျပေမယ့် ဒီနှစ်အတွင်းတော့ ဈေးအပြောင်းအလဲသိပ်မရှိဘူး"လို့ပြောပါတယ်။

ဒီနှစ်မှာ နမ်းဈေးက ၁၄၀,၀၀၀ ကျော်သာရှိတော့ပြီး တရုတ်၊ဂျပန်၊ တောင်ကိုရီးယားနဲ့အိန္ဒိယနိုင်ငံတွေကို တင်ပို့နေရပေမယ့် ၈၀ ရာခိုင်နှုန်းကတော့ တရုတ်နိုင်ငံကိုသာ တင်ပို့ရောင်းချနေရတယ်လို့သိရပါတယ်။ "မနှစ်ကနဲ့ယှဉ်ရင်တော့ နည်းတယ်။ ဒီနေ့မနက်တင်ပဲ ၃ထောင်လောက်ဈေးတက်လာသေးတယ်။ ဒီနှစ်ဈေးကျတာက ပြီးခဲ့တဲ့နှစ်က အရောင်းအဝယ်တော်တော်များသွားတာလည်းပါတယ်"လို့ ပဲကုန်သည်တစ်ဦးကပြောပါတယ်။ လက်တလော ပဲဈေးကွက်အပြောင်းအလဲအနေနဲ့ ထူးထူးခြားခြားမရှိပဲ ပဲတီစိမ်းဈေး နှစ်ထောင်တက်ပြီး ပဲစင်းငုံအရောင်းအဝယ်အေးပြီး ၄ ထောင်ခန့်ဈေးကျနေတယ်လို့သိရပါတယ်။

**Source:** https://www.kumudranews.com/news-38155

## ဂေါ်ဖီ ၊ ပန်းဂေါ်ဖီ ဝယ်ယူမှုတွေရှိလာနေပေမယ့် တောင်သူတွေမျှော်မှန်းထားသလောက် ဈေးရရှိမှု နည်းနေသေး



လက်ရှိကိုဗစ်ကာကွယ်ထိန်းချုပ်ရေးလုပ်နေတဲ့ ကာလအတွင်း ရှမ်းပြည်နယ်အတွင်း လက်ရှိ ဂေါ်ဖီ ၊ ပန်းဂေါ်ဖီထွက်တဲ့ရာသီမှာ ဈေးကွက်အတွင်း ဝယ်ယူမှုတွေရှိလာနေပေမယ့် တောင်သူတွေ မျှော်မှန်းထားသလောက် ဈေးရရှိမှုနည်းနေသေးတယ်လို့ တောင်သူအချို့ကပြောပါတယ်။

စိုက်ခင်းတွေထဲကထွက်ရှိလာတဲ့ ဂေါ်ဖီထုတ်တွေကို ပွဲရုံတွေက စိုက်ခင်းကထွက်ရှိသလောက် ပြန်သွင်းလို့ပွဲလက်ခံတာမျိုးတွေ ရှိပေမယ့် သီးနှံရဲ့ဈေးက ကိုဗစ်မတိုင်မီက ဈေးနှုန်းအတိုင်းပြန်လည်မရရှိသေးဘူးလို့ ရှမ်းပြည်နယ်တောင်ပိုင်းက တောင်သူတွေကပြောပါတယ်။

“ကျွန်တော်တို့သွင်းတဲ့ပွဲရုံတွေက အမြဲတမ်းသွင်းနေတယ်ဆိုတော့လက်ခံတယ် ထွက်သလောက်ပေ့ါ၊ ပွဲရုံတိုင်းတော့ မတူဘူး၊သီးနှံဈေးတွေတော့ကျနေတာပါပဲ အရင်လောက်တော့မရဘူး ၊ တစ်သီးပဲစိုက်တဲ့သူတွေကျတော့ မကိုက်ဘူး၊ ကျွန်တော်တို့ကြတော့ ပန်းမုံလာဆိုရင်လဲ ရေရှိတော့နှစ်သုတ်လောက်စိုက်တယ် ၊ ပထမတစ်သုတ်ရှုံးသွားရင် ဒုတိယတစ်သုတ်ပြန်ရရင် ကာမိတာပေ့ါ“လို့အောင်ပန်းမြို့က သီးနှံစိုက်တောင်သူ ခွန်ရဲဝင်းကပြောပါတယ်။ ရေရှိရာအရပ်က စိုက်ခင်းပိုင်ရှင်တွေက တစ်နှစ်ကို နှစ်သီးစိုက်ပျိုးကြပေမယ့် မိုးရေကိုသာ အားကိုးနေရတဲ့စိုက်ခင်းပိုင်ရှင်တွေကျတော့ တစ်သီးပဲစိုက်ရလို့ သီးနှံအထွက်မကောင်းချိန်၊ သီးနှံဈေးတွေကျဆင်းနေရင်အဆင်မပြေတာမျိုးတွေကြုံနေရတယ်လို့ တောင်သူအချို့ကပြောပါတယ်။ ပန်းဂေါ်ဖီ

တွေကို နှစ်ရက်ခြားတစ်ခါခုတ်ရတာကြောင့် ဈေးနှုန်းကလည်း တစ်ကြိမ်နဲ့တစ်ကြိမ် မတူတာမျိုးတွေနဲ့ကြုံနေ ရပေမယ့် ထွက်တဲ့ ကုန်ချိန်အတိုင်း ဒိုင်တွေမှာသွင်းလို့ရနေသေးတယ်လို့ တောင်သူတစ်ဦးဖြစ်တဲ့ မမိုးသူက ပြောပါတယ်။ သူက" တစ်အားကြီးအထွက်များတဲ့ အချိန်ဆိုရင်တော့ ပြောရခက်တယ်၊ သူ့ပွဲစားကိုယ့်ပွဲစားရှိတယ် အချို့ကြတော့ မယူတာလဲ ရှိတယ်၊ တစ်ချို့ကြတော့ ပွဲရုံတွေမှာမသွင်းတော့ပဲ သည်ကဈေးတွေမှာပဲရောင်းတာတွေလဲရှိတယ် မနက်ကနေညနေထိ ဝယ်သမား မရှိတာလဲရှိတယ် တစ်ယောက်နဲ့ တစ်ယောက်မတူဘူး၊ တောင်သူတွေ သတ်မှတ်ထားတဲ့ ဈေးနှုန်းထားလောက်တော့ မရသေးဘူး"လို့ ပြောပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းကထွက်တဲ့ သီးနှံတွေကို အောင်ပန်းမြို့ပွဲရုံတွေက တစ်ဆင့် မြန်မာပြည်အနှံ့အပြားက မြို့တွေကို ပြန်လည်ဖြန့်ဝေ ရောင်းချနေကြရတာဖြစ်ပါတယ်။ ဂေါ်ဖီထုတ်၊ ပန်းဂေါ်ဖီတွေကို ရန်ကုန်မြို့က သီးနှံလက်ကားဈေးတွေကို ၁၀ ဘီးကားကြီးတွေ၊ ၁၂ ဘီးကားကြီးတွေနဲ့တင်ဆောင်ပြီး ဖြန့်ချီရောင်းချနေကြတာ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ စားသောက်ဆိုင်တွေ၊ ဟော်တယ်တွေ ပြန်လည်ဖွင့်လာပြီဖြစ်လို့ အရောင်းအဝယ်ရှိနေကြကြပြီး၊ ပွဲရုံအချို့ ကတော့ခြံပြတ်ဝယ်ယူတာမျိုးတွေရှိနေကြပြီး၊ အသီးအနှံတွေကိုကြည့်ပြီးမှ ဈေးဖြတ်တဲ့ပွဲရုံတွေလဲရှိတယ်လို့ တောင်သူတွေက ပြောပါတယ်။ ပြီးခဲ့တဲ့လအနည်းငယ်ကတော့ ရှမ်းပြည်တောင်သူတွေရဲ့ ဝယ်သူမရှိတဲ့ ဂေါ်ဖီထုတ်တွေကို အလှူရှင်တွေနဲ့ ကမ္ဘောဇဘဏ်ဥက္ကဌ၊ တပ်မတော်စတဲ့အဖွဲ့တွေက တောင်သူတွေဆီကဝယ်ယူပြီး၊ ကားခအကုန်ခံကာ ရန်ကုန်အရောက် သယ်ယူပြီး မြို့နယ်ကိုဗစ် ကော်မတီတွေနဲ့ချိတ်ဆက်ပြီး အခြေခံမိသားစုတွေကို အခမဲ့ဝေငှတာတွေရှိခဲ့ပါတယ်။ (၈)လပိုင်း၊ (၉)လပိုင်းအချိန်မှာ ဂေါ်ဖီအများအပြားထွက်ရှိအချိန်မှာ ဈေးကွက်ပျက်မှာကို တောင်သူအချို့ကလဲစိုးရိမ်နေကြတယ်လို့ ဆိုပါတယ်။ ရှမ်းတောင်ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နေခင်တရားတီကျစ်ဒေသတွင် နှစ်စဉ်ရာသီမရွေး ဂေါ်ဖီထုတ်စိုက်နေတဲ့ ဒေသတွေဖြစ်ကြပါတယ်။

**Source:** https://www.kumudranews.com/news-38154

## လုပ်ကွက်ငယ်တောင်သူတွေကိုချေးငွေပေးနိုင်ရန် Proximity Finance က အမေရိကန်ဒေါ်လာ (၁၄) သန်းရင်းနှီးမြှုပ်နှံ



လုပ်ကွက်ငယ်တောင်သူတွေကိုချေးငွေပေးနိုင်ဖို့ Proximity Finance က အမေရိကန်ဒေါ်လာ (၁၄) သန်းတိုးချဲ့ရင်းနှီးမြှုပ်နှံမယ်လို့သိရတယ်။

Proximity Finance ရဲ့ အမှုဆောင်အရာရှိချုပ်ဖြစ်သူHedvigSundberg က " တောင်သူတွေရဲ့ ငွေကြေးအခြေအနေက စိုက်ပျိုးရာသီချိန်ပေါ်မူတည်ပြီး စိန်ခေါ်မှုတွေများစွာရှိနိုင်တာကြောင့် ကျွန်မတို့ကတောင်သူလိုအပ်ချက်နဲ့ ကိုက်ညီမှုရှိတဲ့ တောင်သူဗဟိုပြု ချေးငွေပုံစံကိုဖော်ဆောင်ထားရှိပြီး ချေးငွေ ဝန်ဆောင်မှုတွေ ပေးနေတာပါ" လို့ ပြောပါတယ်။

မြန်မာနိုင်ငံရဲ့ ပထမဆုံးတောင်သူဗဟိုပြုဘဏ္ဍာရေးအဖွဲ့အစည်းဖြစ်တဲ့ ProximityFinanceဟာFinnfund၊ Nordic Microfinance Initiative (NMI)၊ Proparcoတို့နဲ့ ပူးပေါင်းပြီးအမေရိကန်ဒေါ်လာ (၁၄) သန်းတန် ဖိုးရှိတဲ့ အကျိုးအမြတ် တန်းတူရရှိမယ့် လုပ်ငန်းပူးပေါင်းလုပ်ဆောင်မှု သဘောတူစာချုပ် ချုပ်ဆိုခဲ့ပါတယ်။လုပ်ကွက်ငယ်တောင်သူတွေကို စိုက်ပျိုးရေး နည်းစနစ်၊ စိုက်ပျိုးရေးအသိပညာပေးခြင်းနဲ့ စိုက်ပျိုးရေးချေးငွေတွေကိုဝန်ဆောင်မှုပေးနေတဲ့ မြန်မာနိုင်ငံရဲ့ စိုက်ပျိုးရေး ဝန်ဆောင်မှု ပလက်ဖောင်းတစ်ခုဖြစ်တဲ့ Proximity Designs ရဲ့ အသေးစားချေးငွေလုပ်ငန်းတစ်ခုအနေနဲ့ Proximit Finance ကို (၂၀၁၀) ခုနှစ် မှာစတင်တည်ထောင်ပါတယ်။ အဲသည်လုပ်ငန်းပူးပေါင်းလုပ်ဆောင်မှုသဘောတူ စာချုပ်ကို ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန (FRD) မှ တင်ပြပြီးလုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုချက်တောင်းခံသွားမှာဖြစ်ပြီး ခွင့်ပြုချက် ရရှိခဲ့ပါကအဲသည် ထပ်တိုးရင်းနှီးမြှုပ်နှံမှုနဲ့ Proximity Finance ဟာလာမယ့် လေးနှစ်အတွင်းအခုလက်ရှိချေးငွေထုတ် ပေးနေတဲ့ အိမ်ထောင်စုအရေအတွက် (၁၃၀,၀၀၀) ထက် (သုံးဆ) တိုးမြှင့်ပြီးချေးငွေပေါင်း (၁,၅၀၀,၀၀၀) ထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။ အဲသည် သဘောတူစာချုပ်ပါ ကတိကဝတ်ဟာချေးငွေပမာဏတိုးမြှင့်ခြင်း၊ ချေးငွေအမျိုးအစားတိုးချဲ့ခြင်းများမှာ

အထောက်အကူပြုမှာဖြစ်ပြီးစွန့်ဦးတီထွင်ဖို့ စိတ်ဆန္ဒရှိတဲ့ လုပ်ကွက်ငယ်တောင်သူတွေ ရင်းနှီးမြှုပ်နှံဖို့လိုအပ်တဲ့ငွေကြေးကိုလည်းမတည်ပေးနိုင်မှာဖြစ်တယ်။

အသေးစားချေးငွေလုပ်ငန်းအများစုဆီကနေချေးငွေရယူပါကလစဉ်ပြန်လည်ပေးသွင်းဖို့ လိုအပ်ပေမဲ့လည်း Proximity Finance က ချေးငွေရယူထားတဲ့ တောင်သူတွေကတော့ သီးနှံရိတ်သိမ်းရောင်းချပြီးချိန်မှ သာချေးငွေ ပြန်လည်ပေးသွင်းရပါတယ်။ HedvigSundberg က အကျိုးသက်ရောက်မှုဗဟိုပြုတဲ့ ရင်းနှီးမြှုပ်နှံသူတွေနဲ့ ပူးပေါင်းလုပ်ဆောင်ခြင်းက ကျွန်မတို့မဆုတ်မနစ် သံန္နိဋ္ဌာန်ချမှတ်လုပ်ဆောင်နေတဲ့ ဝင်ငွေနည်းပါးတဲ့ တောင်သူမိသားစုများရဲ့ လူမှုနေထိုင်မှုဘဝတိုးမြင့်ပြီးဝင်ငွေတိုးပွားအောင် လုပ်ဆောင်နေမှုကိုပိုမိုအားကောင်းလာစေပါတယ်။ အခုလိုအကျိုးတူပူးပေါင်းဆောင်ရွက်မှု မှတ်တိုင်ဟာကျွန်မတို့ရဲ့ ရင်းနှီးမြှုပ်နှံသူတွေက မြန်မာ့ကျေးလက်ဒေသနဲ့ ဒေသခံတွေအတွက် တန်းတူညီမျှမှုရှိတဲ့ လူ့ဘောင်အဖွဲ့အစည်းဖော်ဆောင်ရေးကိုအထူးအာရုံစိုက်ကြောင်းနဲ့ နိုင်ငံတကာမှထောက်ပံ့ကူညီမှုရှိကြောင်းအစရှိတာတွေကို မီးမောင်းထိုးပြလိုက်သလိုပါပဲ” လို့ပြောတယ်။

မြန်မာနိုင်ငံရှိကျေးလက်နေပြည်သူလူထုရဲ့ (၃၉) ရာခိုင်နှုန်းဟာဆင်းရဲနွမ်းပါးပါတယ်။ တောင်သူလယ်သမားတွေဟာထောက်ပံ့မှုအများကြီးလိုအပ်နေတဲ့ စျေးကွက်ကိုကိုယ်စားပြုနေပြီးသူတို့ရဲ့ လိုအပ်ချက်ကိုဖြည့်ဆည်းပေးလိုတဲ့ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသူတွေအတွက် ကြီးမားတဲ့အခွင့်အလမ်းတစ်ခုလည်းဖြစ်ပါတယ်။ “ProximityFinanceကလုပ်ကွက်ငယ် တောင်သူတွေကိုဗဟိုပြုခြင်းဖြင့် ငွေကြေးအဓိကလိုအပ်နေတဲ့ တိုင်းပြည်ရဲ့ကျေးလက်ဘဏ္ဍာရေးကို ဖြည့်ဆည်းပေးနေရှိပြီး ဝန်ဆောင်မှုမရရှိကြတဲ့ ကျေးလက်လူဦးရေသန်း (၃) ကိုဝန်ဆောင်မှုပေးခြင်းဖြင့်ဘဏ္ဍာရေးနယ်ပယ်ကိုဝိုင်းဝန်းပံ့ပိုးပေးဖို့ ရည်ရွယ်ချက်ထားရှိပါတယ်။ လူတိုင်းပါဝင်နိုင်တဲ့ဘဏ္ဍာရေးဖြစ်စေဖို့ သံန္နိဋ္ဌာန်ချဆောင်ရွက်နေတဲ့ ProximityFinanceရဲ့ လုပ်ဆောင်မှုအတွက် ထောက်ပံ့ကူညီခွင့်ရလို့ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်” လို့ Proparcoရဲ့ မြောက်အာရှနှင့်အရှေ့တောင် အာရှဒေသတာဝန် ခံဒါရိုက်တာ ဖြစ်သူMagali Roux က ပြောကြားပါတယ်။ “ငွေကြေးပံ့ပိုးကူညီဖို့ လစ်လျူရှုခံထားရတဲ့ မြန်မာ့လုပ်ကွက်ငယ်တောင်သူတွေရဲ့လိုအပ်ချက်နဲ့ ကိုက်ညီတဲ့ဝန်ဆောင်မှုတွေ ပေးနေပြီးစိုက်ပျိုးရေးမှာ အထူးကျွမ်းကျင်စွာလုပ်ဆောင်နေကြတဲ့အဖွဲ့ရဲ့ လုပ်ငန်းဆောင်ရွက်မှု ခရီးလမ်းမှာငွေကြေးထောက်ပံ့ကူညီခွင့်ရလို့ Nordic Microfinance Initiative အနေနဲ့ ဝမ်းမြောက် မိပါတယ်” လို့ Nordic Microfinance Initiative ရဲ့ မန်နေဂျင်းဒါရိုက်တာဖြစ်သူ Arthur Sletteberg ကပြောပါတယ်။ “အခုလိုရင်းနှီးမြှုပ်နှံမှုကအားလုံးပါဝင်နိုင်တဲ့ ဘဏ္ဍာရေးစနစ်ဖော်ဆောင်ဖို့၊ စိုက်ပျိုးရေးကဏ္ဍနဲ့ အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ခြင်းကဏ္ဍတွေအတွက် အကျိုးရှိစေတာတွေကြောင့် တစ်ချိန်တည်းမှာရေရှည်တည်တံ့ခိုင်မြဲတဲ့ဖွံ့ဖြိုးရေးရည်မှန်းချက် အများအပြားကိုဦးတည်ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်” လို့ Finnfundရဲ့ ရင်းနှီးမြှုပ်နှံမှုမန်နေဂျာဖြစ်သူ Ulla Huotari က ပြောသည်။

Proximity Finance မှ ချေးငွေရယူသူတွေရဲ့ ၆၀ ရာခိုင်နှုန်းဟာအမျိုးသမီးတွေဖြစ်တာကြောင့် အခုရင်းနှီးမြှုပ်နှံမှုဟာကျား၊ မ တန်းတူညီမျှမှု ကတိကဝတ်ဖြစ်တဲ့ 2XChallenge ရင်းနှီးမြှုပ်နှံမှု အမျိုးအစားအဖြစ် အကျုံးဝင်ပါတယ်။ အဲဒါအပြင် ကုမ္ပဏီမှာလည်းအမှုဆောင်အရာရှိချုပ်နဲ့ Head of Finance အပါအဝင် အကြီးတန်းအရာရှိတာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေရဲ့ (၅၀) ရာခိုင်နှုန်းဟာအမျိုးသမီးတွေ ဖြစ်တာကြောင့် ကျား၊ မ တန်းတူညီမျှမှုရှိကြောင်းအခိုင်အမာဖော်ပြနေပါတယ်။ Proximity Finance ဟာသူ့ရဲ့ လုပ်ငန်းမူဝါဒတွေ၊ အစီအစဉ်တွေနဲ့ ငွေကြေးဝန်ဆောင်မှုတွေကတစ်ဆင့် လုပ်ဖော်ကိုင်ဖက်တွေနဲ့ ချေးငွေရယူသူအမျိုးသမီးတွေကိုအရည်အသွေးမြှင့်တင်ပေးဖို့ ရည်ရွက်ချက်ထားရှိတယ်လို့ဆိုတယ်။

**Source:** https://www.kumudranews.com/news-38156

## ငရုတ်ပွစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းသော်လည်း ဈေးနှုန်းကျဆင်းနေ



ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် နန်းဟူးကျေးရွာအုပ်စု ပေါမူကျေးရွာ၌ စိုက်ပျိုးထားသော ငရုတ်ပွစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းသော်လည်း ယခင်နှစ်ကထက် ဈေးနှုန်းကျဆင်းနေကြောင်း ငရုတ်ပွစိုက်ပျိုးသူများထံမှသိရသည်။ ''ကျွန်တော်ငရုတ်ပွ စိုက်တာ နှစ်နှစ်လောက်ပဲရှိသေးတယ်။ငရုတ်ပွကို ရာသီမရွေးစိုက်လို့ရတယ်။ မိုးမရွာရင်တော့ ရေသွင်းပေးရတယ်။ပေါင်ခတ်ပြီးစိုက်ရတယ်။ မျိုးစေ့ကိုပျိုးပြီး တစ်လလောက်နေရင် ပေါင်ထဲမှာတစ်ပင်နဲ့တစ်ပင် သုံးပေလောက်ခြားပြီးစိုက်ရတယ်။ အဲ့လိုစိုက်ပြီး နှစ်လလောက်နေရင် ခူးလို့ရပြီ။ ပိုးမကျအောင် ထိန်းနိုင်ပြီး ပြုစုမှုကောင်းရင် လေးလ၊ ငါးလလောက်အထိခူးလို့ရတယ်။ အရင်နှစ်ကငရုတ်ပွသီးတစ်ပိဿာကို ငွေကျပ် ၁၅၀၀ အထိရောင်းရတယ်။ ဒီနှစ်တော့တစ်ပိဿာကိုငွေကျပ် ၈၀၀ ထိပဲရောင်းရတဲ့အတွက် ဈေးနှုန်းကျဆင်းနေပါတယ်''ဟု ပေါမူကျေးရွာငရုတ်ပွစိုက်ပျိုးတောင်သူ ကိုမောင်ထွေးကပြောသည်။ အဆိုပါ ငရုတ်ပွသီးများကို ယခင်နှစ်များက ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သော်လည်း ယခုနှစ် တွင် တောင်ကြီးမြို့ရှိ ဈေးကွက်သို့သာ တင်ပို့ရောင်းချရကြောင်းသိရသည်။

**Source:** http://www.myawady.net.mm/business/item/62237-2020-07-13-15-04-44

## တရုတ်အစိုးရက မြန်မာဆန်ကုမ္ပဏီများနှင့် ဆန်စက်များကို မှတ်ပုံတင်ခွင့်ပြု

တရားဝင်ကုန်သွယ်ရေးကို အကောင်အထည်ဖော်နေသော တရုတ်အစိုးရက မြန်မာနိုင်ငံမှ ဆန်ကုမ္ပဏီ ၄၃ ခုနှင့် ဆန်စက် ၇၉ ခုကို မှတ်ပုံတင်ခွင့်ပြုပေးလိုက်သည်။ တရုတ်နိုင်ငံ အခွန်အကောက်နှင့် အထွေထွေအုပ်ချုပ်ရေးဝန်ကြီးဌာန GACC တွင် မြန်မာနိုင်ငံမှ ဆန်ကုမ္ပဏီနှင့် ဆန်စက်များကို မှတ်ပုံတင်ခွင့်ပြုပေးလိုက်ခြင်းကြောင့် နယ်စပ်နှင့်ပင်လယ်ရေကြောင်းမှ တရုတ်နိုင်ငံသို့ တရားဝင်ဆန်ရောင်းချနိုင်မည်ဖြစ်ပြီး ဆန်နှင့်ဆန်ကွဲတင်ပို့မှုလည်း တိုးမြင့်လာမည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူအချို့ကပြောသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့ရာတွင် ဈေးကွက်ဝေစု လေးပုံတစ်ပုံရယူထားသော တရုတ်နိုင်ငံသို့ တရားဝင်ဆန်တင်ပို့ခွင့်ရလာခြင်းက မြန်မာနိုင်ငံဆန်စပါးကဏ္ဍ၏ မှတ်တိုင်တစ်ခုဖြစ်သည်ဟု ၎င်းတို့ကပြောသည်။ ယခုဘဏ္ဍာနှစ်ကိုးလအတွင်း ဆန်နှင့်ဆန်ကွဲတန်ချိန် နှစ်သန်းကျော် ပြည်ပသို့တင်ပို့ရာတွင် တရုတ်နိုင်ငံသို့ တန်ချိန် ငါးသိန်းခြောက်သောင်းကျော် တင်ပို့ထားသည်။ "ပြည်ပ ဆန်ပို့မှုအတွက် အခွင့်အလမ်းကောင်းတစ်ခုပါ။ ဈေးကွက်မှ ယှဉ်ပြိုင်မှုကတော့ များလာမယ်" ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးကပြောသည်။ ယခင် တရုတ်အစိုးရက မြန်မာနိုင်ငံမှ ဆန်ကုမ္ပဏီ ၁၁ ခု ကို တရားဝင်ခွင့်ပြုခဲ့သည်။ တရုတ်နိုင်ငံ အကောက်အခွန်ဦးစီးဌာနက မြန်မာနိုင်ငံမှ ဆန်ကုမ္ပဏီနှင့် ဆန်စက်များကို မှတ်ပုံတင်ခွင့်ပြုပေးခြင်းက မူဆယ်နယ်စပ်မှ ဆန်တင်ပို့မှုလုပ်ငန်းကိုလည်း အထောက်အကူပြုကြောင်း မူဆယ်ဆန်ကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းကပြောသည်။ "ပိုးမွှားသန့်စင်ခွင့်ပြုထားတဲ့ဆန်တွေ တရားဝင်ပို့နိုင် တာပေါ့" ဟု ဦးမင်းသိန်းကပြောသည်။ ပြီးခဲ့သည့် ဧပြီလဆန်းပိုင်းက မူဆယ်နယ်စပ်မှ တရုတ်နိုင်ငံသို့ တင်ပို့ခဲ့သည့် ဆန်များကို ပိုးမွှားကင်းစင်ကြောင်းလက်မှတ် မပါရှိခြင်းသဖြင့် ကျယ်ဂေါင်ရှိ ဂိုဒေါင်ထဲမှ ထုတ်ယူနိုင်မှုမရှိခဲ့ပေ။ ထိုအခက်အခဲကို ဖြေရှင်းရာတွင် တရုတ်အစိုးရက တရားဝင် မှတ်ပုံတင်ခွင့်ပြုထားသော ကုမ္ပဏီများမှ ဆန်များကိုသာ ခွင့်ပြုမည်ဟုဆိုခဲ့သည်။

တရုတ်အစိုးရ အသိအမှတ်ပြုကုမ္ပဏီများသည် တရုတ်အစိုးရမှ အပင်ပိုးမွှားနှင့်ရောဂါကင်းရှင်းရေးအပါအဝင် အခြားလိုအပ်သောစစ်ဆေးမှုများ ပြုလုပ်ထားသောကုမ္ပဏီများဖြစ်သည်။ လက်ရှိ မြန်မာနိုင်ငံမှ နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုသည် တစ်ရက်လျှင် ဆန်အိတ်ရေ သုံးသောင်းမှလေးသောင်းအကြားရှိနေသည်။ မြန်မာနိုင်ငံမှ ဆန်ရောင်းချလိုမှုများနေချိန်တွင် တရုတ်ကုန်သည်များ၏ ဈေးချဝယ်ယူမှုကြောင့် ဆန်တစ်အိတ်ဈေးနှုန်းသည် တရုတ်ငွေ ခုနစ်ယွမ် (ကျပ် ၁,၄၀၀) ခန့် ဈေးကျဆင်းသွားသည်။ မူဆယ်နယ်စပ်တွင် လက်ရှိ ဆန်တစ်အိတ်လျှင် ၁၃၅ ယွမ်နှင့် ဆန်ကွဲတစ်အိတ်လျှင် ၁၂၅ ယွမ် ဈေးဖွင့်သည်။

**Source:** https://7day.news/detail?id=192011

## ဟိုင်းကြီးကျွန်းမြို့၌ ကြားသီးနှံအဖြစ် ဝဥပင်များကို တိုးချဲ့စိုက်ပျိုးလာ



ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ တောင်သူများ အနေဖြင့် နှစ်ရှည်ပင်များကြား၌ ဝဥပင်များကို ယခုနှစ်တွင် ထပ်မံတိုးချဲ့စိုက်ပျိုးလာကြောင်း သိရသည်။ ''လက်ရှိမှာ ဝဥကို ၁၀ ဧကနီးပါးစိုက်ပျိုးထားပါတယ်။ မျိုးကတော့ ဒေသထွက်မျိုးပဲ။ ပျိုးပင်ပေါက်ကတော့ တစ်ပင်ကို ငွေကျပ် ၁၀၀ နဲ့ဝယ်ရပါတယ်။ အဓိကအားဖြင့် ဈေးကွက်အနေအထား တိကျခိုင်မာတယ်ဆိုရင် ကျွန်တော်တို့ဒေသမှာ စိုက်ပျိုးမယ့် တောင်သူတွေ များပါတယ်။ ဝဥစိုက်ခင်းတွေ အောင်မြင်မယ်ဆိုရင် တောင်သူတွေအနေနဲ့ တစ်ဖက်တစ်လမ်းက ဝင်ငွေတိုးတာပေါ့'' ဟု ဝဥစိုက်ပျိုးသူ တစ်ဦးကပြောသည်။

ဝဥများမှာ မြန်မာနိုင်ငံနေရာ အနှံ့အပြား၌ သဘာဝအလျောက် ပေါက်ရောက်နေသည်ကို တွေ့ရှိရပြီး ဝဥအမျိုးပေါင်း ၁၀၀ ကျော်ရှိသည့်အနက် ၁၂ မျိုးခန့်ကိုသာ ဖော်ထုတ် သုံးစွဲလျက်ရှိကြောင်း၊ ဝဥကို စားသုံးကုန်အဖြစ်လည်းကောင်း၊ တိုင်းရင်းဆေး အနေဖြင့်လည်းကောင်း၊ အလှကုန်ပစ္စည်း ကုန်ကြမ်းအဖြစ်လည်းကောင်း၊ စက်မှုကုန်ကြမ်း အနေဖြင့်လည်းကောင်း အသုံးပြုမှုများသည့်အတွက် ဈေးကွက်အတွင်း ဝယ်လိုအားကောင်းပြီး စီးပွားရေးအရလည်း တွက်ခြေကိုက်သည့် အပင်မျိုးဖြစ်ကာ ပူနွေးစိုစွတ်သည့် ရာသီဥတုနှင့် လောင်းရိပ်ကြိုက်သည့် အပင်မျိုးဖြစ်ကြောင်း သိရသည်။

ယခင်နှစ်များက ဝဥဝယ်လိုအားကောင်းပြီး တူးယူရောင်းချသူများသဖြင့် နှစ်အနည်းငယ်အတွင်း ဝဥမျိုးစိတ်များ မျိုးသုဉ်းသွားနိုင်ကြောင်း၊ ယခုကဲ့သို့ စနစ်တကျ စိုက်ပျိုးထားမည်ဆိုပါက တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိသည့်အပြင် ဝဥမျိုးစိတ်များ မျိုးသုဉ်းမသွားစေရန် ထိန်းသိမ်းရာရောက်ကြောင်း၊ ဝဥစိုက်ပျိုးရာတွင် ၂၀ ကျပ်သားခန့်ရှိ ဝဥများကို တိုက်ရိုက်ချ၍စိုက်ပျိုးခြင်း၊ ဥကြီးများကို လေးစိတ်ခွဲ၍စိုက်ပျိုးခြင်း၊ ဝဥပန်းခိုင်မှရရှိသော မျိုးစေ့များကို ပျိုးထောင်စိုက်ပျိုးခြင်း၊ မြေကြီးထဲရှိ ဝဥမကြီးပေါ်မှ အဖုကလေးများကိုဖွဲ့ယူ၍ စိုက်ပျိုးခြင်း၊ အရွက်ပေါ်မှ အသီးကလေးများကို ပျိုးထောင်စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးနိုင်ပြီး နိုဝင်ဘာနှင့် ဒီဇင်ဘာလအတွင်း မြေအပေါ်ပိုင်းပင်စည် မျိုးခြောက်သွားချိန်တွင် တူးဖော်ကြရကြောင်း သိရသည်။

**Source:** http://www.myawady.net.mm/business/item/62254-2020-07-13-15-55-05

## ဂျပန်နိုင်ငံ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန (METI) က ထုတ်လုပ်မှုကွင်းဆက်အား ပြုပြင်မွမ်းမံရန် နှိုးဆော်ခဲ့

ကိုရိုနာကပ်ရောဂါပြန့်ပွားမှုသည် ကမ္ဘာ့ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်ကို ကသောင်းကနင်းဖြစ်စေခဲ့သဖြင့် နိုင်ငံတကာအသိုက်အဝန်းအကြား အလားတူအဖြစ်မျိုးမှ တားဆီးကာကွယ်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းကြရန် ဂျပန်နိုင်ငံ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန (METI) က တိုက်တွန်းနှိုးဆော်လိုက်ကြောင်း ဇူလိုင်လ ၇ ရက်နေ့တွင် ယင်းဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော ကုန်သွယ်ရေးဆိုင်ရာ Annual White Paper တွင် ဖော်ပြထားကြောင်းသိရပါသည်။

အဆိုပါ Annual White Paper တွင် ၂၀၂၀ ပြည့်နှစ်တွင် ကိုရိုနာကပ်ရောဂါပြန့်ပွားမှု ကြောင့် နယ်စပ်ဒေသများ ယာယီပိတ်သိမ်းခဲ့ရမှု၊ နိုင်ငံတစ်ဝှမ်း အရေးပေါ်အခြေအနေကြေငြာခဲ့ရမှုတို့သည် ၁၉၃၀ ပြည့်နှစ်ကာလများက ကြုံတွေ့ခဲ့ရသည့် အဆိုးရွားဆုံးသော စီးပွားရေးပျက်ကပ်ထက်ပင် ထိခိုက်မှုသာလွန်ခဲ့ကြောင်း ဖော်ပြထားပါသည်။

တရုတ်နိုင်ငံမှ လျှပ်စစ်ပစ္စည်းအစိတ်အပိုင်းများနှင့် အပိုပစ္စည်းများ ထုတ်လုပ်မှု/တင်ပို့မှုများ ရပ်ဆိုင်းသွားခြင်းသည် ဂျပန်နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းအပေါ် များစွာနစ်နာစေခဲ့ပါကြောင်း၊ ထို့ကြောင့် အနာဂတ်တွင် အလားတူ အကျပ်အတည်းမျိုးမှ ကျော်လွှားနိုင်ရန် ထုတ်လုပ်မှုနှင့်ဝယ်ယူမှု ဒေသအရင်းအမြစ်များကို ဖြန့်ကျက်ထားရန်လိုအပ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က ကမ္ဘာ့စီးပွားရေး၏ ၂၀၂၀ ပြည့်နှစ် အခြေအနေသည် ယခင် ၂၀၁၉ ခုနှစ်ကထက် ၄.၉ % ခန့် ကျဆင်းသွားမည်ဖြစ်ပါကြောင်း၊ မူလ ခန့်မှန်းထားသည်ထက်ပင် ပြင်းထန်နိုင်မည်ဖြစ်ကြောင်း ဇွန်လအတွင်းက သုံးသပ်ပြောကြားခဲ့ပါသည်။

နိုင်ငံတကာအသိုက်အဝန်းများအနေဖြင့် အကျပ်အတည်းများကို ပြောင်းလွယ်ပြင်လွယ် ရင်ဆိုင်တုန့်ပြန်နိုင်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိမည့် ခိုင်မာအားကောင်းသော လူမှုစီးပွားစနစ်တစ်ခုကို ပူးပေါင်းအကောင်အထည်ဖော်ကြရန် အဆိုပါ ထုတ်ပြန်ချက်ဖြစ်သည့် Annual White Paper တွင် တိုက်တွန်းနှိုးဆော်ထားပါသည်။

တစ်ဆက်တည်းမှာပင် အချို့သော ကမ္ဘာ့နိုင်ငံများက ကိုရိုနာကပ်ရောဂါကို ရင်ဆိုင်နိုင်ရန် နှာခေါင်းစည်းများ၊ အသက်ရှူစက်များကဲ့သို့ ဆေးဝါးဆက်စပ်ပစ္စည်းများ တင်ပို့မှုတားမြစ်ခြင်းကဲ့သို့ ကိုယ်ကျိုးစီးပွားကာကွယ်ရေး ဆောင်ရွက်ချက်များသည် ထုတ်လုပ်မှုကွင်းဆက်ကို ပြတ်တောက်စေနိုင်ကြောင်း ဝေဖန်ထောက်ပြထားကြောင်းသိရပါသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ အဆိုအရ ပြီးခဲ့သည့် ဧပြီလနှောင်းပိုင်းမှအစပြုကာ ကမ္ဘာ့နိုင်ငံ ၈၀ ခန့်သည် အချို့သော ကုန်ပစ္စည်းများအပေါ် ပို့ကုန်ပိုင်းကန့်သတ်ပိတ်ပင်ခြင်းများ ကျင့်သုံးဆောင်ရွက်ခဲ့ကြကြောင်း သိရပါသည်။ နိုင်ငံစုံကုန်သွယ်ရေးစနစ်သည် အမေရိကန်နှင့် တရုတ်တို့အကြား ကုန်သွယ်ရေးအငြင်းပွားမှုများ၊ အမေရိကန်သမ္မတ၏ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) မှ နုတ်ထွက်မည်ဟု ခြိမ်းခြောက်ခြင်းနှင့်ဗြိတိန်နိုင်ငံ၏ ဥရောပသမဂ္ဂမှ နုတ်ထွက်ခြင်း များအပါအဝင် မကြုံစဖူးစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။

သို့သော်လည်း လက်ရှိအရှိန်အဟုန်ဖြင့် ပြန့်ပွားနေသည့် ကိုရိုနာကပ်ရောဂါသည် ကမ္ဘာ့လူဦးရေ ၁၁ သန်းကျော် ကူးစက်နေပြီး ၅ သိန်းကျော်သေဆုံးခဲ့ရသည့်အတွက် နိုင်ငံတကာအသိုက်အဝန်းများအကြား ကပ်ရောဂါတိုက်ဖျက်ရေး ပိုမိုပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီး လှပါကြောင်း အဆိုပါ Annual White Paper က ထောက်ပြတိုက်တွန်းထားပါသည်။

ကပ်ရောဂါဂယက်ကြောင့် ကမ္ဘာ့စီးပွားရေးသည် ဒစ်ဂျစ်တယ်စီးပွားရေးအသွင် အလျင်အမြန် ပြောင်းလဲလာပြီး e-commerce နှင့် remote working စနစ်ပုံစံများ တွင်ကျယ်လာပါသည်။ နည်းပညာ၏ အကျိုးကျေးဇူးကို အသုံးချ၍ ကမ္ဘာ့နိုင်ငံများအနေဖြင့် အရေးပါသည့် လုပ်ငန်းရှင်များ၏ ခရီးသွားလာမှုကန့်သတ်ချက်များကို ဘေးကင်းစေသည့် နည်းလမ်းများ ရှာဖွေကာ စတင် ဖြေလျော့ဆောင်ရွက်ကြရန် တိုက်တွန်းထားပါသည်။

ဂျပန်နိုင်ငံသည် လက်ရှိ၌ ကမ္ဘာ့နိုင်ငံ ၁၂၉ နိုင်ငံမှ ခရီးသွားများ ဝင်ထွက်သွားလာခွင့်ကို ပိတ်ပင်ထားသော်လည်း ဩစတြေးလျနှင့်ထိုင်းနိုင်ငံတို့မှ စီးပွားရေးအသိုက်အဝန်းများနှင့် ပြန်လည်လမ်းဖွင့်ဆက်သွယ်ဆောင်ရွက်ရန် ဆွေးနွေးလျက်ရှိပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## အီးယူ၏ ကုန်သွယ်ရေးကော်မရှင်နာ Phil Hogan ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ရာထူးနေရာ ဝင်ရောက်ယှဉ်ပြိုင်တော့မည်မဟုတ်

ဥရောပကော်မရှင်၏ ကုန်သွယ်ရေးကော်မရှင်နာဖြစ်သူ Phil Hogan သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization-WTO) ၏ ညွှန်ကြားရေးမှူးချုပ်ရာထူးနေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်တော့မည်မဟုတ်ကြောင်း၊ ၎င်းအနေဖြင့် အဆိုပါရာထူးနေရာအတွက် အမည်စာရင်းတင်သွင်းခြင်းမပြုတော့ရန်ဆုံးဖြတ်ခဲ့ပြီး၊ ဥရောပကော်မရှင်ဥက္ကဋ္ဌ Von Der Leyen အား အသိပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌနှင့် ဆွေးနွေးအတည်ပြုခဲ့ပြီးနောက် ၎င်းအနေဖြင့် ကုန်သွယ်ရေး ကော်မရှင်နာတာဝန်များကို ပြန်လည်ထမ်းဆောင်တော့မည်ဖြစ်သည်ဟု Phil Hogan ကပြောကြားခဲ့ကြောင်းသိရှိရပါသည်။

ပြီးခဲ့သည့်မေလနှောင်းပိုင်းတွင် ၎င်းအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ညွှန်ကြားရေးမှူး ချုပ်ရာထူးနေရာအား ဝင်ရောက်ယှဉ်ပြိုင်လိုကြောင်းကိုကြေညာခဲ့ပြီး၊ ဇွန်လတွင်ကျင်းပခဲ့သည့် ကုန်သွယ်ရေးဝန်ကြီးများအစည်းအဝေး၌ Phil Hogan အား ထောက်ခံမှုနှင့်စပ်လျဥ်း၍ အထူးသဖြင့် ပြင်သစ်နှင့်နယ်သာလန်နိုင်ငံတို့က အီးယူအနေဖြင့် အဆိုပါ ရာထူးနေရာအတွက် အီးယူပြင်ပမှ ကိုယ်စားလှယ်လောင်း (non-EU candidates) ကိုသာထောက်ခံသင့်သည်ဟု ပြောကြားခဲ့ကြကြောင်း၊ လစ်ဘရယ်အီးယူနိုင်ငံများကလည်း Phil Hogan အနေဖြင့် ဥရောပကော်မရှင်မှ ထွက်ခွာခဲ့ပါက ကုန်သွယ်ရေး ကော်မရှင်နာ

အပြောင်းအလဲဖြစ်ပေါ်မည်ကို စိုးရိမ်မှုရှိခဲ့ကြကြောင်း၊ အီးယူနှင့်အမေရိကန်နိုင်ငံတို့အကြား ဘိုးအင်းလေယာဉ်ဆိုင်ရာ ကိစ္စရပ်နှင့်စပ်လျဉ်း၍ ကြန့်ကြာနေမှုကြောင့်လည်း အီးယူအနေဖြင့် ဖိအားဖြစ်စေကြောင်းသိရှိရပါသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် ရာထူးနေရာအတွက် ဝင်ရောက်အရွေး ချယ်ခံရေးလုပ်ငန်းစဉ်မှာ ၎င်းမျှော်မှန်းထားသည်ထက် ပို၍ကာလကြာရှည်နိုင်သဖြင့် အီးယူ၏ကုန်သွယ်ရေးကော်မရှင်နာအနေဖြင့်ဂရုပြု၍ အပြည့်အဝ ပါဝင်ဆောင်ရွက်ရန်လိုအပ်သည့် အမေရိကန်နိုင်ငံနှင့် ကုန်သွယ်ရေးအငြင်းပွားမှုကိစ္စရပ်များနှင့် တရုတ်နိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးမှုများတွင် မသေချာမရေရာမှုကို ဖြစ်စေနိုင်မည်ဟု Phil Hogan က ပြောကြားခဲ့ကြောင်း Politico ၏ ၂၉-၆-၂၀၂၀ နေ့တွင် သတင်းဖော်ပြမှုအရ သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## STOCK EXCHANGE (13.7.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 13th Jul. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,500 | 10,500 | 10,500 | 16 | 168,000 | 27,112,747 | 284,684 |
| MTSH | 00002 | 3,850 | +0 | +0.00% | 3,800 | 3,850 | 3,750 | 668 | 2,551,800 | 38,929,150 | 149,877 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 0 | 0 | 10,400,986 | 85,288 |
| FPB | 00004 | 22,000 | -500 | -2.22% | 22,000 | 22,000 | 22,000 | 4,423 | 97,306,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,700 | 111 | 303,150 | 12,823,224 | 35,264 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 62 | 167,400 | 19,977,223 | 53,939 |

### Market summary

As of 13th Jul. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 445.87 | -0.83 | -0.19% | 445.39 | 445.87 | 443.25 | 5,280 | 100,496,350 | 6 | 663,437 |

**Index chart**



# Market Overview

As of 1:00 pm, 13th Jul. 2020

| MYANPIX | 445.87 ▼ 0.83 |
|---|---|
| Total Volume (shares) | 5,280 |
| Total Value (MMK) | 100 mil |
| Listed Company | 6 |
| Market Cap. (MMK) | 663,437 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,850 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 22,000 | ▼ 500 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |

TIR